# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
# ဘာရပ်ဆဲလ်မြို့

## အထူးစီးပွားရေးဇုန်၊ စက်မှုဇုန်၊ စက်မှုဖွံ့ဖြိုးရေး၊
## SME ဖွံ့ဖြိုးရေး နမူနာယူသင့်သည့် ပြုစုတင်ပြချက်များ
## (၀၁/၂၀၁၅)

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နယ်သာလန်နိုင်ငံရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ | ၁ - ၇ |
| ၂။ | သုံးသပ်ချက် | ၇ |

**နယ်သာလန်နိုင်ငံရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ**

၂၀၁၃ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၌ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း စုစုပေါင်း ၈၀၂၀၈၇ ခန့် ရှိခဲ့ပါသည်။ သို့ဖြစ်၍ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း အရေအတွက်သည် စီးပွားရေးလုပ်ငန်းအရေအတွက်စုစုပေါင်း၏ ၉၉.၈% ခန့် ရှိပြီး အလုပ်အကိုင်ခန့်ထားမှုသည် အလုပ်အကိုင်အရေအတွက်စုစုပေါင်း၏ ၆၇.၃% ခန့် ရှိပါသည်။

နယ်သာလန်နိုင်ငံ၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ အခြေခံကိန်းဂဏန်းအချက်အလက်များအား ဇယား (၁)၊ (၂) နှင့် (၃) တို့တွင် ဖော်ပြထားပါသည် -

**ဇယား (၁)**

| | စီးပွားရေးလုပ်ငန်းအရေအတွက် | | |
|---|---|---|---|
| | နယ်သာလန်နိုင်ငံ | | အီးယူ-၂၈ |
| | အရေအတွက် | အချိုး | အချိုး |
| Micro | ၇၅၂၄၄၄ | ၉၃.၆% | ၉၂.၄% |
| Small | ၄၁၃၃၉ | ၅.၁% | ၆.၄% |
| Medium | ၈၃၀၄ | ၁.၁% | ၁.၀% |
| SMEs | ၈၀၂၀၈၇ | ၉၉.၈% | ၉၉.၈% |
| Large | ၁၄၃၅ | ၀.၂% | ၀.၂% |
| **စုစုပေါင်း** | ၈၀၃၅၂၂ | ၁၀၀.၀% | ၁၀၀.၀% |

**ဇယား (၂)**

| | လုပ်သားအရေအတွက် | | |
|---|---|---|---|
| | နယ်သာလန်နိုင်ငံ | | အီးယူ-၂၈ |
| | အရေအတွက် | အချိုး | အချိုး |
| Micro | ၁၅၀၆၆၂၉ | ၂၈.၅% | ၂၉.၁% |
| Small | ၁၀၅၁၇၃၁ | ၁၉.၉% | ၂၀.၆% |
| Medium | ၁၀၀၃၄၉၇ | ၁၉.၀% | ၁၇.၂% |
| SMEs | ၃၅၆၁၈၅၇ | ၆၇.၃% | ၆၆.၉% |
| Large | ၁၇၃၀၂၁၀ | ၃၂.၇% | ၃၃.၁% |
| **စုစုပေါင်း** | ၅၂၉၂၀၆၇ | ၁၀၀.၀% | ၁၀၀.၀% |

**ဇယား (၃)**

| | ထပ်ဆင့်တိုးတန်ဖိုး | | |
|---|---|---|---|
| | နယ်သာလန်နိုင်ငံ | | အီးယူ-၂၈ |
| | ယူရို (ဘီလီယံ) | အချိုး | အချိုး |
| Micro | ၆၁ | ၁၉.၇% | ၂၁.၆% |
| Small | ၅၈ | ၁၈.၉% | ၁၈.၂% |
| Medium | ၇၀ | ၂၃.၀% | ၁၈.၃% |
| SMEs | ၁၈၉ | ၆၁.၆% | ၅၈.၁% |
| Large | ၁၁၈ | ၃၈.၄% | ၄၁.၉% |
| **စုစုပေါင်း** | ၃၀၇ | ၁၀၀.၀% | ၁၀၀.၀% |

**ကိုးကားချက်**[1]

အီးယူ၏ အသေးစားစီးပွားရေးလုပ်ငန်းအက်ဥပဒေ (Small Business Act – SBA) ပါ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံစည်းမျဉ်း (၁၀) ရပ်အပေါ် အခြေခံလျက် ၂၀၁၃ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုနည်းလမ်း/အစီအစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) **စွန့်ဦးတီထွင်မှု**။ ၂၀၀၈ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်အကြား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် "Action for Education and Entrepreneurship Programme" ၏ အကျိုးဆက်အနေဖြင့် နယ်သာလန်ပညာရေးစနစ်တွင် "စွန့်ဦးတီထွင်မှု"သည် အခိုင်အမာနေရာရယူနိုင်နေပြီဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်တွင် စွန့်ဦးတီထွင်မှု မြှင့်တင်ရေးဆိုင်ရာနည်းလမ်းသစ်များ ချမှတ်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။

(၂) **ဒုတိယအခွင့်အလမ်း**။ ဒေဝါလီခံခြင်းဆိုင်ရာအစီအစဉ်များ ခေတ်နှင့်အညီ ဖြစ်စေရန် အဆိုပါအစီအစဉ်လုပ်ထုံးလုပ်နည်းများအား အင်တာ

[1] These are estimates for 2013 produced by DIW Econ, based on 2008–11 figures from the Structural Business Statistics Database (Eurostat). The data cover the 'business economy', which includes industry, construction, trade, and services (NACE Rev. 2 sections B to J, L, M and N), but not enterprises in agriculture, forestry and fisheries and the largely non-market service sectors such as education and health. The advantage of using Eurostat data is that the statistics are harmonised and comparable across countries. The disadvantage is that for some countries the data may be different from those published by national authorities.

နက်နှင့် အီးမေးလ်ကို အသုံးပြု၍ ဆောင်ရွက်နိုင်သည့်နည်းလမ်းအား နယ်သာလန်နိုင်ငံ၌ ၂၀၁၃ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့ပါသည်။ ထို့အပြင် လိမ်လည်မှု (မရိုးသားမှု) တိုက်ဖျက်ရေး၊ လုပ်ထုံးလုပ်နည်းများအား ခေတ်နှင့်အညီဖြစ်စေရန် ပြင်ဆင်ခြင်းနှင့် ကုမ္ပဏီများ၏ စွမ်းဆောင်ရည် ပြန်လည်ဖြစ်တည်မှု ခိုင်မာလာစေရေးတို့နှင့်ဆိုင်သော အဆိုပြုပြဋ္ဌာန်းချက် ၆ ရပ် ပေါင်းစည်းပါဝင်သည့် 'Recalibration of Bankruptcy Fraud Law' အား ၂၀၁၃ ခုနှစ်တွင် ကြေညာခဲ့ပါသည်။

(၃) **လုပ်ငန်းသေးကို ကနဦးစဉ်းစားခြင်း**။ နယ်သာလန်နိုင်ငံတွင် "Think Small First" အား မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် ''Well Arranged — a responsible reduction of regulatory burden 2012-2017'' အစီအစဉ်အား၂၀၁၃ ခုနှစ်၊ နွေဦးကာလတွင် စတင်ချမှတ်ခဲ့ပါသည်။ အဆိုပါအစီအစဉ်တွင် ကုမ္ပဏီများအပေါ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများ လျော့နည်းစေရေး၊ ကုမ္ပဏီများအနေဖြင့် အစိုးရနှင့် ဒစ်ဂျစ်တယ်နည်းဖြင့် ဆက်သွယ်မှုပြုနိုင်သည့် အခွင့်အရေး၊ ကုမ္ပဏီများအပေါ် အစိုးရ၏ ကြီးကြပ်မှု ပိုမိုကောင်းမွန်ထိရောက်ရေးအပါအဝင် လုပ်ငန်းစဉ် ၆ ရပ် ပါရှိပါသည်။ ထို့အပြင် ဥပဒေနှင့် စည်းမျဉ်းသစ်များ ၏ အကျိုးသက်ရောက်မှုများအား အကဲဖြတ်နိုင်ရန်အတွက် "Business Impact Assessment" နည်းလမ်းများကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်က ပြဋ္ဌာန်းထားသော ဥပဒေများ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ အကြံဉာဏ်များအား အင်တာနက်မှတစ်ဆင့် တင်ပြနိုင်ရန် နယ်သာလန်အစိုးရက လမ်းဖွင့်ပေးထားပါသည်။ အစိုးရသည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ အကျိုးကို ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများနှင့်လည်း ပုံမှန်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပါသည်။

(၄) **အလိုက်သင့်တုံ့ပြန်နိုင်သော စီမံခန့်ခွဲမှု။** ၂၀၁၃ ခုနှစ်တွင် ကုန်သည်ကြီးများအသင်းနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာအေဂျင်စီ Syntens တို့သည် ပူးပေါင်းခဲ့ကြပါသည်။ စီးပွားရေးဆိုင်ရာမေးခွန်းများ မေးမြန်းလိုသည့် စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်သည်ကြီးများရုံး ၁၉ ရုံးရှိသည့် အနက် နှစ်သက်ရာတစ်ရုံးသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ ကုန်သည်ကြီးများအသင်းဝင်ကြေးကိုလည်း ဖျက်သိမ်းခဲ့ပြီး ကုန်သည်ကြီးများ အသင်းအား အစိုးရဘတ်ဂျက်ဖြင့် ငွေကြေးထောက်ပံ့မှု ပြုသည့်စနစ် (၆၀% ခန့်မှာ အစိုးရဘတ်ဂျက်မှ ရရှိပြီး ၄၀% ခန့်မှာ အခကြေးငွေယူသော ဝန်ဆောင်မှုလုပ်ငန်းများမှ ရရှိပါသည်။) စတင်ကျင့်သုံးခဲ့ပါသည်။ စီမံခန့်ခွဲမှုဆိုင်ရာဝန်ထုပ်ဝန်ပိုးများ လျော့နည်းစေရေးအတွက် အစိုးရတစ်ရပ်လုံး၏ ဝန်ဆောင်မှုလုပ်ငန်းများ၊ သတင်းအချက်အလက်များအား Online ဖြင့် တစ်နေရာတည်းတွင် ရရှိနိုင်စေရန် "Entrepreneurial Square" အား တည်ဆောက်ခဲ့ပါသည်။ စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့၏အချက်အလက်များအား အစိုးရအဖွဲ့အစည်းအမျိုးမျိုးသို့ အသိပေးနိုင်သည့် "Entrepreneur Dossier" ကိုလည်း နယ်သာလန်နိုင်ငံတွင် ၂၀၁၃ ခုနှစ်၌ စတင်မိတ်ဆက်ခဲ့ပါသည်။

(၅) **အစိုးရကူညီထောက်ပံ့ခြင်းနှင့် အစိုးရဝယ်ယူခြင်း။** အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအနေဖြင့် အခွင့်အလမ်းများအား ပိုမိုရှာဖွေနိုင်ရန် ရည်ရွယ်လျက် အစိုးရဝယ်ယူရေးဆိုင်ရာ တင်ဒါများအားလုံးနှင့်သက်ဆိုင်သော Website တစ်ခုအား ၂၀၁၃ ခုနှစ်တွင် စတင်လွှင့်တင်ခဲ့ပါသည်။ ထို့အပြင် အစိုးရဝယ်ယူရေးတင်ဒါတစ်ခုအား ရရှိရန် စီးပွားရေးလုပ်ငန်းရှင်အများအပြား ပြိုင်ဆိုင်မှုကို အားပေးသော၊ စီမံခန့်ခွဲမှုဆိုင်ရာဝန်ထုပ်ဝန်ပိုးများကို လျော့နည်းစေသော၊ အငြင်းပွားမှုများကို လွယ်လွယ်ကူကူကိုင်တွယ်ဖြေရှင်းနိုင်ရန် ထောက်ကူမှုပြုသော အစိုးရဝယ်ယူ

ရေးဆိုင်ရာအက်ဉပဒေသစ်တစ်ရပ်အား ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။

(၆) **ဘဏ္ဍာငွေရရှိနိုင်မှုအခွင့်အလမ်း**။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဘဏ္ဍာငွေရရှိရေးကို အထောက်အကူပြုနိုင်သည့် အဓိကအဖွဲ့အစည်းများမှာ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီများ (Regionale Ontwikkelings Maatschappijen — ROMs) ဖြစ်ကြပါသည်။ ၂၀၁၃ ခုနှစ်တွင် "InnovationQuarter" ဟု ခေါ်သော "Zuidvleugel" (ROM South Wing) အား တည်ထောင်ခဲ့ပါသည်။ ROM များအား အခြားသောနေရာ/ဒေသများတွင်လည်း တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ROM များသည် စွန့်ဦးတီထွင်သူများ၏ စီးပွားရေးလုပ်ငန်းများစတင်နိုင်ရန် ငွေကြေးထောက်ပံ့မှုအပါအဝင် စီးပွားရေးလုပ်ငန်းများအား ငွေကြေးထောက်ပံ့မှုအမျိုးမျိုး ပေးခြင်းဖြင့် ဒေသတွင်းစီးပွားရေးအဆောက်အအုံ တိုးတက်ရေးကို အထောက်အကူပြုလျက်ရှိပါသည်။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ယူရို ၂၀၀၀၀၀ အထိ ထုတ်ချေးနိုင်ရန် SME Investment Fund အား အာမခံကုမ္ပဏီများနှင့် ပင်စင်ရန်ပုံငွေအဖွဲ့များက ပူးပေါင်း၍ ၂၀၁၃ ခုနှစ်တွင် ထူထောင်ခဲ့ပါသည်။

(၇) **တစ်ခုတည်းသောဈေးကွက်**။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် နယ်သာလန်အေဂျင်စီ (*AgentschapNL*) နှင့် ဉပဒေစည်းမျဉ်းများ ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း (*Dienst Regelingen*) သည် အဖွဲ့အစည်းတစ်ခုအဖြစ် ပေါင်းစည်းခဲ့ကြပါသည်။ ၎င်းသည် အီးယူတွင် အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန်နှင့် အီးယူဆိုင်ရာ ဘဏ္ဍာငွေထောက်ပံ့မှုအစီအစဉ်အပါအဝင် တစ်ခုတည်းသောဈေးကွက်နှင့်ပတ်သက်၍ သတင်းအချက်အလက်များကို ပေးပါသည်။ နယ်သာလန်သံရုံးများနှင့် ကောင်စစ်

ဝန်ချုပ်ရုံးများသည်လည်း စီးပွားရေးလုပ်ငန်းရှင်များအား တစ်ခုတည်းသောဈေးကွက်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ပေးလျက်ရှိပါသည်။

(၈) **ကျွမ်းကျင်မှုများနှင့် ဆန်းသစ်တီထွင်ခြင်း။** National Technology Pact 2020 အား ၂၀၁၃ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၎င်းသည် နည်းပညာရွေးချယ်ခြင်း၊ နည်းပညာနယ်ပယ်တွင် လေ့လာမှုပြုခြင်းနှင့် နည်းပညာနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ကို အဓိက ဦးတည်ပါသည်။ အင်ဂျင်နီယာလုပ်ငန်းနယ်ပယ်နှင့် နည်းပညာဆိုင်ရာအသက်မွေးဝမ်းကျောင်းနယ်ပယ်များတွင် အတတ်ပညာရှင်များ ရှားပါးလာမှုပြဿနာကို ဖြေရှင်းဆောင်ရွက်နိုင်ရန်လည်း ရည်ရွယ်ပါသည်။

(၉) **ပတ်ဝန်းကျင်။** ၂၀၁၃ ခုနှစ်တွင် စီးပွားရေးလုပ်ငန်းများအားလုံး လိုက်နာဆောင်ရွက်ရန် နည်းလမ်း ၁၀ ရပ်ပါရှိသည့် အမျိုးသားစွမ်းအင်သဘောတူစာချုပ် (National Energy Agreement) အား ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါစာချုပ်တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် ကိုယ်ပိုင်စွမ်းအင် ထုတ်နိုင်ရေး၊ စွမ်းအင်ထုတ်လုပ်အသုံးပြုခြင်းနှင့်ပတ်သက်၍ One Central One-Stop Shop တည်ထောင်ရေး စသည်တို့ပါဝင်ပါသည်။

(၁၀) **အပြည်ပြည်ဆိုင်ရာပူးပေါင်းရေးဝါဒဖြစ်ထွန်းစေခြင်း။** နယ်သာလန်နိုင်ငံတွင် ကုန်သွယ်မှုကုန်ကျစရိတ်သည် အခြားအီးယူအဖွဲ့ဝင်နိုင်ငံများထက် သက်သာပါသည်။ Port of Rotterdam အပါအဝင် အဆင့်မြင့်သယ်ယူပို့ဆောင်ရေးအခြေခံအဆောက်အဦများကြောင့် ဒတ်ချ်အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် ပြည်ပဈေးကွက်များသို့ ကောင်းစွာထိုးဖောက်နိုင်ကြပါသည်။ ၂၀၁၃ ခုနှစ်တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပြည်ပဈေးကွက်များကို ထိုးဖောက်နိုင်ရန် သို့

မဟုတ် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ပြုလုပ်နိုင်ရန် အားပေးသော မည်သည့်မူဝါဒသစ်ကိုမျှ ချမှတ်ဆောင်ရွက်ခဲ့ခြင်း မရှိပေ။

**ကိုးကားချက်** - **2014 SBA Fact Sheet (The Netherlands)**

**သုံးသပ်ချက်**

အီးယူက နှစ်စဉ်ထုတ်ဝေလျက်ရှိသော SBA Fact Sheets သည် အဓိကအားဖြင့် အသေးစားစီးပွားရေးလုပ်ငန်းအက်ဥပဒေ၏ အခြေခံစည်းမျဉ်းများအား အဖွဲ့ဝင်နိုင်ငံအသီးသီး၏ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို လေ့လာသုံးသပ်ထားခြင်း ဖြစ်ပါသည်။ အဆိုပါအခြေခံစည်းမျဉ်းများသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ သို့ဖြစ်၍ ထိုသို့နှစ်စဉ်လေ့လာသုံးသပ်ခြင်းအားဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ရင်ဆိုင်နေရသော အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် မူဝါဒဆိုင်ရာလိုအပ်ချက်များကို နားလည်သိရှိနိုင်ကာ အကြံဉာဏ်များပေးနိုင်ရုံသာမက အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလိုအပ်ချက်များနှင့် ကိုက်ညီသည့် မူဝါဒများကို ပြုပြင်ပြောင်းလဲ/ဖြည့်စွက် ချမှတ်ပေးနိုင်ကြောင်း လေ့လာသိရှိရပါသည်။

၂၀၁၃ ခုနှစ်တွင် အီးယူ၏ အသေးစားစီးပွားရေးလုပ်ငန်းအက်ဥပဒေ၏ အခြေခံစည်းမျဉ်း ၁၀ ရပ်အပေါ် အခြေခံလျက် နယ်သာလန်နိုင်ငံတွင် ဆောင်ရွက်ခဲ့သည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအနက် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများ လျော့နည်းစေရေးအတွက် "Entrepreneurial Square" နှင့် "Entrepreneur Dossier" တည်ဆောက်ခြင်း၊ ကျွမ်းကျင်မှုများနှင့် ဆန်းသစ်တီထွင်မှုကို အထောက်အကူပြုနိုင်ရန် National Technology Pact 2020 ပြဋ္ဌာန်းခြင်းတို့သည် နမူနာယူဖွယ် ဆောင်ရွက်ချက်များ ဖြစ်ကြပါသည်။